




သာသနာတော်နှစ် - ၂၅၅၃ ကောဇာသက္ကရာဇ် - ၁၃၇၁

# ဘဒ္ဒန္တဇနသာရ

(ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)

# အခွင့်

Generated by CamScanner from intsig.com

ဓမ္မဒါနကုသိုလ်ရှင်

ဦးကျော်+ဒေါ်ဝင်းမေ

သား၊ ဦးအောင်မင်း၊

ဦးအောင်မိုး+ဒေါ်မြို့မြို့ခိုင်

မြေး၊ မောင်မိုးဟိန်းထက်၊

မောင်ပြည့်ဖြိုးဟိန်း 'နီလာမိုး'

စက္ကူနှင့် စာရေးကိရိယာရောင်းဝယ်ရေးနှင့်

အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း၊ မိသားစု

Generated by CamScanner from intsig.com

‘ဓမ္မလက်ဆောင်မွန်’

သို့ - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - -

မှ - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - -

“သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ”

**အလှူတကာတွင် ဓမ္မပင် သာလျှင် မွန်မြတ်ပေ၏။**

**ဓမ္မအလှူ လှူဒါန်းသူ ဉာဏ်ပူထက်မြတ်ပေ၏။**

Generated by CamScanner from intsig.com

ပဏ္ဍိတာရုံဆရာတော်

# နိဒါန်း

ဘာသာကြီးလေးရပ်ရှိတဲ့အနက်"ဗုဒ္ဓဘာသာ"ကို ကိုးကွယ်ဆည်းကပ်ကြတဲ့လူတိုင်း,ရှင်တိုင်း,ရဟန်းတိုင်းလိုလိုဘုရားရှိခိုးကြတဲ့အခါဘုရားရှိခိုးအမျိုးမျိုးရှိပေမဲ့ ဩကာသဘုရားရှိခိုးနဲ့ ရှိခိုးကြတာများပါတယ်၊ဩကာသဘုရားရှိခိုးကို နှုတ်တတ်ရပေမဲ့ အဓိပ္ပါယ်ကိုပြောပါဆိုတော့ သိတဲ့သူနည်းသွားပါလိမ့်မယ်၊အလုပ်တခုရဲ့ဖွဲ့မြဲခြင်း, ပြီးစီးခြင်း,အောင်မြင်ခြင်းသို့ရောက်ရှိခြင်းဆိုတာ အကြောင်းအကျိုးဆက်စပ်နားလည်သိရှိဖို့တော့လိုတာပေါ့။ ဒါ့ကြောင့်မြတ်ဗုဒ္ဓက - အင်္ဂုတ္တရနိကာယ်"သောတာနုဂတ" သုတ်မှာ နားနဲ့ကြားအောင် အာရုံစိုက်ပြီးနာကြားပါ၊ စိတ်ထဲမှာကြံစီတွေးတောပါ၊ ဉာဏ်အမြင်မှာစင်ကြယ် အောင်သုတ်သင်ပါ၊ဒါဆိုရင်တရားထူးဧကန်ရပါလိမ့်မယ်.... လို့မိန့်တော်မူခဲ့ပါတယ်။



## အခွင့်

ဒါ့ကြောင့် - ဩကာသဘုရားရှိခိုးကိုနှုတ်က ရထားတဲ့သူတော်ကောင်းများ စိတ်ထဲမှာကြံစီတွေးတောနိုင်ဖို့ ဉာဏ်အမြင်မှာစင်ကြယ်နိုင်ဖို့ - ရည်စိတ်သန်ပြီး အိမ်တိုင်း,အိမ်တိုင်းမှာ အမိအဖတို့ကအစ၊ သားသမီးတို့အထိ - ဘာသာအသိ,ဘာသာသွေးများစိမ့်ဝင်စီးဆင်းသွားစေဖို့ - ဆိုတဲ့မျှော်လင့်ချက်နဲ့"အခွင့်"ဆိုတဲ့ လက်ကမ်းမှုစာစဉ်ကို စွမ်းနိုင်သမျှ ကြိုးစားဖြန့်ဝေလိုက်ရပါသတည်း။

သတ္တာဝါခပ်သိမ်း တရားကိန်း အေးငြိမ်းချမ်းသာရှိပါစေ။
သတ္တာဝါဟူသရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။
သတ္တာဝါဟူသရွေ့ တရားမွေ့ ချမ်းမြေ့သာယာရှိပါစေ။
သတ္တာဝါဟူသရွေ့ တရားလေ့ ချမ်းမြေ့သာယာရှိပါစေ။

ဆရာတော်ဘဒ္ဒန္တဇနသာရ(မဇ္ဈိမရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ)
ညောင်ကန်တိုက်၊ပဏ္ဍိတာရုံကျောင်း၊
ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။



Generated by CamScanner from intsig.com

**'တိုးတက်လိုသူ သာ.သူကိုပေါင်း'**

ကိုယ့်အောက်ဖျင်းသူ၊
ပေါင်းသင်းမူ၊
ဖျင်းသူဖြစ်မည်သာ။

ကိုယ်နှင့်တန်းတူ၊
ပေါင်းသင်းမူ၊
မှတ်ယူမရှုံးရာ။

ကိုယ့်ထက်သာလျှ၊
ပေါင်းသင်းက၊
မချတိုးတက်မှာ။

တိုးတက်စေကြောင်း၊
သာသူပေါင်း၊
နည်းကောင်းလိုက်နာပါ၊

မြတ်စွာဗုဒ္ဓ၊
လမ်းညွှန်ပြ၊
တိက အဓိုတ်မှာ။ (အံ၊(၁)-၁၂၂)



## (၁) အခွင့်

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဗုဒ္ဓံပူဇေမိ - မြတ်စွာဘုရားကိုပူဇော်ပါ၏။

ဓမ္မံပူဇေမိ - တရားတော်မြတ်ကိုပူဇော်ပါ၏။

သံဃံပူဇေမိ - သံဃာတော်မြတ်ကိုပူဇော်ပါ၏။

ဩကာသ - ရှိခိုးပါရစေ.ကန်တော့ပါရစေဟုအခွင့်တောင်းခြင်းကိုဩကာသဟုခေါ်သည်၊လေးနက်စေလိုသောကြောင့်၎င်း၊ထင်ရှားပျံ့နှံ့စေလိုသောကြောင့်၎င်း၊ဩကာသကိုသုံးကြိမ်းဆိုရပါသည်။

ကံသုံးပါး - ကိုယ်ဖြင့်ပြုသောအမှုကိုကာယကံ၊နှုတ်ဖြင့်ပြုသောအမှုကိုဝစီကံ၊စိတ်ဖြင့်ပြုသောအမှုကိုမနောကံဟုခေါ်ပါသည်။

ရတနာ - ရတနာဆိုတာနှစ်သက်မြတ်နိုးအပ်သောကြောင့်ရတနာဟုခေါ်ပါသည်။

ဘုရား - တရားဉဿံအလုံးစုံကိုအကုန်အစင်သိမြင်တော်မူသောကြောင့် ဘုရားဟုခေါ်ပါသည်။

တရား - အပါယ်ဆင်းရဲသံသရာဝဋ်ဆင်းရဲသို့မကျရောက်အောင်ဆွဲဆောင်တတ်သောကြောင့်တရားဟုခေါ်၏။



Generated by CamScanner from intsig.com

## (၂) ပဏ္ဍိတာရုံဆရာတော်

သံဃာ- အယူသီလတူမျှခြင်းဖြင့်ပေါင်းစုဖွဲ့စည်းထားသော ကြောင့်သံဃာဟုခေါ်ပါသည်။

တနည်း- အနည်းငယ်မျှပြုအပ်သောကောင်းမှုကိုကြီးကျယ် ဖွံ့ဖြိုးအကျိုးများအောင်ပြုတတ်သောကြောင့်သံဃာ မည်ပါသည်။

အရိုအသေ- ကိုယ်,နှုတ်,စိတ်,သုံးပါးတို့ဖြင့် ညွှတ်တွားကိုင်း ရှိုင်းခြင်း။

အလေးအမြတ်- တကယ်အဟုတ်စိတ်ပါပါနှင့်လေးစားမြတ် နိုးခြင်း။

ရှိခိုး- ရှိခိုးခြင်းမှာကိုယ်ဖြင့်ရှိခိုးခြင်း,နှုတ်ဖြင့်ရှိခိုးခြင်း,စိတ် ဖြင့်ရှိခိုးခြင်း-ဟူ၍သုံးမျိုးရှိ၏။

ကိုယ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ-ရတနာသုံးပါး မိဘ,ဘိုးဘွားဆ ရာသမားတို့၏ဂုဏ်ကျေးဇူးကို အာရုံပြု၍ထိခြင်းငါး ပါးဖြင့်ရှိခိုးခြင်း,ဦးချခြင်းကိုခေါ်သည်။

နှုတ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ- ရတနာသုံးပါး၏ဂုဏ်တော်များ ကိုနှုတ်ဖြင့်ထုတ်ဖော်၍ ရွတ်ဆိုခြင်းကိုခေါ်သည်။

စိတ်ဖြင့်ရှိခိုးခြင်းဆိုသည်မှာ- ရတနာသုံးပါး မိဘ,ဘိုးဘွား ဆရာသမားတို့၏ဂုဏ်ကျေးဇူးကိုစိတ်ထဲမှာအဖန်-



## (၃) အခွင့်

တလဲလဲအောင်မေ့ခြင်းကိုခေါ်ပါသည်။

**'ထိခြင်းငါးပါးဆိုသည်မှာ'**

ခြေ,လက်,နဖူး၊တံတောင်,ဒူး၊ငါးဦးထိပါစေ။

ပူဇော်- ပူဇော်ခြင်းသည်ပစ္စည်းလေးပါးဖြင့်ပူဇော်ခြင်း၊တရား ဖြင့်ပူဇော်ခြင်းနှစ်မျိုးရှိပါသည်။

ဖူးမြော်- ပကတိမျက်စိဖြင့်ဖူးမြော်ခြင်း၊အသိဉာဏ်မျက်စိဖြင့် ဖူးမြော်ခြင်းတို့ဖြစ်ပါသည်။

မာန်လျှော့-မိမိသန္တာန်၌ရှိသော မာန်မာနတရားများကိုလျှော့ ချဖယ်ရှားခြင်း(ရတနာသုံးပါးကိုမြင့်မြတ်ရာ၌ထား ခြင်း)ကိုမာန်လျှော့သည်ဟုခေါ်ပါသည်။

မှတ်ချက်-မာန်လျှော့ခြင်းကို နိဝါတမင်္ဂလာဟုမှတ်ပါ။

ကန်တော့ အပြစ်ရှိကခွင့်လွှတ်တော်မူပါဟုဝန် ပါ၏အရှင်ဘုရား ချတောင်းပန်ခြင်းကိုကန်တော့သည် ဟုခေါ်ပါသည်။အပြစ်ရှိ၍ကန်တော့ခြင်း ကုသိုလ်ရလို၍ကန်တော့ခြင်းဟုနှစ်မျိုးရှိသည်။

ကန်တော့- ဆိုသည်မှာ အကုသိုလ်ကိုကန်ကျောက်၍ကုသိုလ် ကိုတော့ယူခြင်းကိုဆိုလိုသည်(ဥပမာ-ဘောလုံး ချင်းလုံးကိုမကျအောင် တော့ယူခြင်းကဲ့သို့တည်း)



Generated by CamScanner from intsig.com

(၄) ပဋ္ဌာနာရုံဆရာတော်

"ကန်တော့ချခြင်းကျိုးလင်္ကာ"

◈ ဩကာသဆိုတာ,ခွင့်တောင်းခြင်းနှင့်၊
နှံ့စေခြင်းတွက်သုံးခါဆို၊
ကံသုံးပါးမှာ,ကိုယ်,နှုတ်,စိတ်ဟု၊သတိပြု၍သိစေလို၊
နစ်သက်မြတ်နိုး,အကြောင်းဖြိုး၊မှတ်ရိုးရတနာကို
အဲ့ဒါမှ ဗုဒ္ဓ,ဓမ္မ,သံဃာ့-ဂုဏ်ကိုဆို။

◈ ကိုယ်,နှုတ်,စိတ်ပါ သုံးပါးလုံးဖြင့်၊ညွတ်ခြင်းကိုတော့
ရှိသေဆို၊အဟုတ်တကယ် စိတ်ပါခြင်းမို့ လေးမြတ်ခြင်းလို့ယူ
ကြလို၊ထိခြင်းငါးပါး ဂုဏ်ရွှတ်ပွါး၊စိတ်အားထပ်ထပ်သို၊
အဲ့ဒါမှ ဗုဒ္ဓ,ဓမ္မ,သံဃာ့-ရှိခိုးဆို။

◈ ပစ္စယ ဓမ္မာ ပူဇော်ခြင်းဖြင့်၊ဖူးမြော်ခြင်းက နစ်မျိုးဆို၊
မာန်ကိုလျှော့ကာ,ကန်ကျောက်ခြင်းနှင့်၊တော့ယူခြင်းကနစ်မျိုးပို၊
လေးရပ်အပါယ်ကပ်လွတ်ကင်းလို့၊ပြစ်ရပ်ရှစ်သင်းကင်းစေလို၊
အဲ့ဒါက ဗုဒ္ဓဝါဒ ယူကြသူတိုင်း တောင်းဆုဆို။

◈ နိဗ္ဗာန်ရောက်ရန်၊လမ်းကြောင်းဖြစ်လို့၊အင်္ဂါမဂ်ဟုဆို၊
မဂ်၏ကျိုးမှန်ဖြစ်သည့်တွက်မို့၊ခေါ်ကြယူကြဓမ္မဖိုလ်၊
ရာ,ဒေါ,မောကင်းငြိမ်းအေးခြင်း၊ခေါ်ခြင်းနိဗ္ဗာန်ကို၊
အဲ့ဒါက ဗုဒ္ဓဝါဒယူကြသူတိုင်း တောင်းဆုဆို။

အပါယ်လေးပါး- ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်။



(၅) အခွင့်

၁။ ငရဲ-ချမ်းသာသုခဝေးကွာ၍ဒုက္ခအတိပြီးသောဘုံဌာန။
၂။ တိရစ္ဆာန်-မဂ်,ဖိုလ်မကပ်ထောင့်ဖြတ်ဖီလာသွား
တတ် သောသတ္တဝါ။
တနည်း-တိ+ကစ္ဆာ စားမှု,အိပ်မှု,မေထုန်မှုကိုသာအ
လိုရှိသောသတ္တဝါ။
၃။ ပြိတ္တာ-ချမ်းသာအပေါင်းမှဝေးကွာသောသတ္တဝါ။
၄။ အသူရကာယ်-နတ်များကဲ့သို့မရဲရင့်သောမတင့်တယ်
မတောက်ပသောသတ္တဝါ။

'အပါယ်လေးဘုံ ရောက်သူများ'

◉ လောဘနှင့်သေ၊ ထိုသူတွေ၊ရောက်လေပြိတ္တာဘုံ။
◉ ဒေါသနှင့်သေ၊ ထိုသူတွေ၊ရောက်လေငရဲဘုံ။
◉ မောဟနှင့်သေ၊ ထိုသူတွေ၊ရောက်လေတိရစ္ဆာန်ဘုံ။

'ကပ်သုံးပါး'

၁။ ဒုဗ္ဘိက္ခန္တရကပ်- ဝတ်မွတ်ဘေးကြောင့်ပျက်စီးခြင်း။
ဘာ့ကြောင့်ဝတ်-လောဘုဿဒါယ ပဇာယ ဒုဗ္ဘိက္ခ န္တရ
ကပ္ပေါ ဟောတိ။ (သုတ်ပါထေယျ,ပါ,၆၀-၄-၃၀)
လောဘကြီးက၊ဝတ်မွတ်ရ၊ဒုက္ခကပ်ကြီးဆိုက်။
ဤသတ္တဝါတို့ကား များသောအားဖြင့် ပြိတ္တာဘုံသို့
ဆိုက်ရောက်ကြ၏။

## (၆) ပဋ္ဌာန်းဟာရုံဆရာတော်

၂။ သတ္ထန္တရကပ်-လက်နက်ဘေးကြောင့်ပျက်စီးခြင်း။
ဘာ့ကြောင့်သတ်- ဒေါသုဿဒါယ ပဇာယ
သတ္ထန္တရကပ္ပေါပဟောတိ။ (သုတ်ပါထေယျ.ပါ.၆၀-၄-၃၀)
**ဒေါသကြီးကသတ်ဖြတ်ကြ၊သတ္ထကပ်ကြီးဆိုက်။**
ဤသတ္တဝါတို့ကား များသောအားဖြင့် ငရဲဘုံသို့ရောက်၏။

၃။ ရောဂန္တရကပ်-ရောဂါဘေးကြောင့်ပျက်စီးခြင်း။
မောဟုဿဒါယ ပဇာယ ရောဂန္တရကပ္ပေါ
ပဟောတိ။ (သုတ်ပါထေယျ.ပါ.၆၀-၄-၃၀)

**မောဟကြီးက၊ရောဂါထ၊နာရကပ်ကြီးဆိုက်။**
ဤသတ္တဝါတို့ကား များသောအားဖြင့်နတ်ရွာသို့
ဆိုက်ရောက်ကြ၏။

**'ရုပ်ပြစ်ရှစ်ပါး'**

အပြစ်ရသောအရပ် ရှစ်ပါးဟုဆိုလိုသည်။
အဋ္ဌကထာအလို-နိဗ္ဗာန်,မဂ်,ဖိုလ်-မရကောင်းသောအရပ်
ဌာန(၈)ပါးဟုဆိုလိုသည်။

(၁)ငရဲ၊(၂)တိရစ္ဆာန်၊(၃)ပြိတ္တာ၊(၄)အသညသတ်နှင့်အရူပ
ဗြဟ္မာ၊(၅)ပစ္စန္တရစ်အရပ်၊(၆)မိစ္ဆာဒိဋ္ဌိ၊(၇)ဉာဏ်ပညာမရှိသူ၊
(၈)ဘုရားမပွင့်သောအခါ၌လူဖြစ်ခြင်း



## (၇) အခွင့်

၁။ ပစ္စန္တဇော-ဗုဒ္ဓသာသနာတော် မတည်ရှိသော ပစ္စန္တ
ရာစ်အရပ်။
၂။ အရူပိနော-နာမ်သာရှိ၍ ရုပ်မရှိသောအရူပ(၄)ဘုံ၌
ဖြစ်ခြင်း။
၃။ ဝိတလိင်္ဂေါ-ပဋိသန္ဓေအားဖြင့်အင်္ဂါချို့တဲ့သူဖြစ်ခြင်း။
၄။ အသညဇော-ရုပ်သာရှိ၍ နာမ်မရှိသော အသည-
သတ်ဘုံ၌ဖြစ်ခြင်း။
၅။ မိစ္ဆာဒိဋ္ဌိ-နိယတမိစ္ဆာဒိဋ္ဌိဖြစ်ခြင်း။
၆။ ပေတော-ပြိတ္တာဘုံ၌ဖြစ်ခြင်း။
၇။ တိရစ္ဆာနော-တိရစ္ဆာန်ဘုံ၌ဖြစ်ခြင်း။
၈။ နေရယိကော-ငရဲဘုံ၌ဖြစ်ခြင်း။

(ဇိနာလင်္ကာရဋီကာ)

**'တစ်နည်း-ရုပ်ပြစ်(၈)ပါး'**

သမာနဝါဒ သာသနာတွင်းအခါမျိုး၌-
၁။ ငရဲဘုံ၌ဖြစ်သောသူ၊ ၂။ တိရစ္ဆာန်ဘုံ၌ဖြစ်သောသူ၊
၃။ ပြိတ္တာဘုံ၌ဖြစ်သောသူ၊ ၄။ အသညသတ်ဘုံ/အရူပ
ဘုံ၌ဖြစ်သောသူ၊ ၅။ မဇ္ဈိမတိုက်သား ဘုရားပွင့်ခိုက်၌-
ပဋိသန္ဓေအားဖြင့် ချို့တဲ့စွာလူဖြစ်နေသူ၊ ၆။မဇ္ဈိမတိုက်
သားဘုရားလက်ထက်၌တိဟိတ်ပဋိသန္ဓေတည်နေသူ-



Generated by CamScanner from intsig.com

ဖြစ်လျှက် မိစ္ဆာဒိဋ္ဌိယူနေသူ၊ (၇) ပစ္စန္တရာစ်ခေါ် သာသနာမဲ့ရာအရပ်မျိုး၊ (၈) ဗုဒ္ဓသုညခေါ် သုညကမ္ဘာ၌မဖွံ့မြိုးတိုက်သားစုဖြစ်နေသူ။

(အံ–ပါ၊မြေ၁၄–၄၄၊ သုတ်ပါထေယျ–ပါ ၂၄၈၊ ၄–၂၄၆၊ ဝိဘာနုဝဏ္ဏ ၄–၁၁၇)

ရပ်ပြစ်(၉)ပါးရေတွက်သော် အသူရကာယ်ဘုံထည့်။

(သုတ်ပါထေယျ–ပါ–၂၁၉)

✿ ငရဲနှင့်တိရစ္ဆာန်၊အောက်ရပ်မှန် ပြိတ္တာမှတ်၊
ထက်ရပ်ကအရူပါ၊ထည့်လိုက်ပါ အသညတ်၊လူပြည်မှာ-
ပစ္စန္တရစ်ရယ်နဲ့၊မိစ္ဆာဖြစ်ဒိဋ္ဌိယူ၊ဉာဏ်ဟူ၍မဲ့ကင်း၊
မပွင့်လင်းမြတ်ဗုဒ္ဓါ၊ရှစ်ဌာနာဤသဘော၊ရပ်ပြစ်လို့ဟော။

**'ရန်သူမျိုးငါးပါး'**

(၁)ရေ (၂)မီး၊ (၃)မင်း၊ (၄)ခိုးသူ၊ (၅)အမွေခံဆိုး။

✿ ဖောက်ပြန်သောရေမီးမင်းတွေ၊မှတ်လေသူခိုး၊
အမွေခံဆိုး၊ငါးမျိုးရန်သူတွေ။

**'တနည်း–ရန်သူမျိုးလေးပါး'**

၁။ မွေးသည့်ဖခင်၊ကျေးဇူးရှင်လည်း၊ကြွေးတင်အောင်သား၊ပြုလုပ်ပါမူ၊သေချာစီစစ်၊ရန်သူဖြစ်၏။

၂။ အချစ်ပိုအင်၊မွေးမိခင်လည်း၊ပျော်ရွှင်မိုက်မှား၊လင်ငယ်ထားမူ၊မှတ်သားစင်စစ်၊ရန်သူဖြစ်၏။





၃။ မေတ္တာဆပ္ပါး၊ချစ်မယားလည်း၊အများငေးမျှ၊အလွန်လှမူ၊
မှတ်ကြစင်စစ်၊ရန်သူဖြစ်၏။

၄။ ရင်နှစ်ခေါ်ပြား၊သမီးသားလည်း၊သင်ကြားပညာ၊
ကင်းမဲ့ပါမူ၊မှတ်ရာစင်စစ်၊ရန်သူဖြစ်၏။

(စာနကျပို့)

**"ဝိပတ္တိတရားလေးပါး"**

ဝိပတ္တိ=ဖောက်ပြန်ချွတ်ယွင်းခြင်း။

၁။ ဂတိဝိပတ္တိ=အပါယ်လေးဘုံ၌ဖြစ်ရခြင်း၊
၂။ ဥပဓိဝိပတ္တိ = ရုပ်ဆင်းအင်္ဂါခြေလက် ချို့ယွင်းခြင်း
၃။ ကာလဝိပတ္တိ = တရားမစောင့်သူတို့၏လက်ထက်၌ဖြစ်ရခြင်း။
၄။ ပယောဂဝိပတ္တိ = အကုသိုလ်တရားတို့ကိုသာ အားထုတ်-
၍အကျင့်ပျက်စီးခြင်း။

(သမ္မောဟဝိသောဓနီအဋ္ဌကထာ - ၄၂၁)

ဂတိ ဥပ၊ကာ ပယောဂ၊မှတ်ကြဝိပတ္တိ။

**'ဗျသနတရားငါးပါး'**

၁။ ဉာတိဗျသန = ဆွေမျိုးတို့ပျက်စီးခြင်း။
၂။ ဘောဂဗျသန = စည်းစိမ်ဥစ္စာပျက်စီးခြင်း။
၃။ ရောဂါဗျသန = အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း။
၄။ ဒိဋ္ဌိဗျသန = အယူလွဲမှား၍ ပျက်စီးခြင်း။
၅။ သီလဗျသန = အကျင့်သီလပျက်စီးခြင်း။



Generated by CamScanner from intsig.com

## (၁၀) ပဏ္ဍိတာရုံဆရာတော်

ဆွေမျိုး၊ဥစ္စာ၊ရောဂါအယူ၊အကျင့်ပျက်မှု၊ငါး၀၊ဗျသနဟု။

မဂ် – နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောတရားလမ်း။

ဖိုလ် – မဂ်၏အကျိုးတရား။

နိဗ္ဗာန် – ရာဂ,ဒေါသ,မောဟ ကုန်ရာနိဗ္ဗာန်၊ဒုက္ခခပ်သိမ်း – ချုပ်ငြိမ်းရာနိဗ္ဗာန်။

ဩကာသကန်တော့ခမ်းကို – ပုဂံခေတ် ရှင်အရဟံရေးသည်။

မှတ်ချက် – ဩကာသကန်တော့ခမ်းကို ပါဠိဘာသာဖြင့်ရေးသားခဲ့ခြင်း၏ရည်ရွယ်ချက်မှာ နောင်တချိန်အရိယာမဂ်ဉာဏ်ရ၍ ကျွတ်တမ်း၀င်သည့်အခါ ပဋိသမ္ဘိဒါအခြံအရံပါပြီး ဂုဏ်ထူးဖြင့် ကျွတ်တမ်း၀င်နိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်း ရွတ်ဆိုရခြင်းဖြစ်သည်။

မြန်မာဘာသာဖြင့်ရေးသား ရွတ်ဆိုဆောင်ရွက်လျှင်လည်းရနိုင်သည်ဟုမှတ်ပါ။

(မြန်မာစွယ်စုံကျမ်း၊အတွဲ – ၁၅)

အဟံဘန္တေ – သီလတောင်းကို = အင်း၀ခေတ် သာလွန်မင်းတတရားလက်ထက် "ခါးမကူး" ဆရာတော်ဟုတွင်သောတောင်ဖီလာဆရာတော်ကရေးသားသည်။



## (၁၁) အခွင့်

နမောတဿ – သည် ဂါထာလော,စုဏ္ဏိယလော?

လောကီဆန်းကျမ်းကိုမငဲ့သော(၅)ပါဒရှိသောဂါထာဖြစ်သည်။

(သံယုတ်ဋီကာ – ၂၅၄)

သုံးကြိမ်ရှိခိုးခြင်း – ဥဒါန်းဟုလည်းခေါ်သည်။

"နမောတဿဖြင့် ဘုရားရှိခိုးသူများ"

❀ မဟိန္ဒမင်း၊သိကြားမင်းနှင့်၊မင်းကောသလ၊ဗြဟ္မာကား၊အာရာမဒက်၊ကရဏ်ပါလိ၊ဇာနိ ဗြာဟ္မဏ၊ဗြဟ္မာယုတို့၊ဥဒါန်းသဘော၊ဤသို့ပော၊နမောတဿရွတ်။

သရဏဂုံအပြား

၁။လောကုတ္တရာသရဏဂုံ၊၂။လောကီသရဏဂုံဟု(၂)ပါးရှိ၏။

၁။ လောကုတ္တရာသရဏဂုံ – ဟူသည် အရိယာအရှင်မြတ်တို့၏သန္တာန်၌ ဆိုင်ရာဆိုင်ရာမဂ်စိတ်/စေတသိက်တို့ဖြစ်သည်၊

ထိုစိတ်/စေတသိက်တို့သည် – နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်ကြရာ သရဏဂုံညစ်ညူးကြောင်း ကိလေသာအကုသိုလ်တရားတို့ကို အကြွင်းမထား အမြစ်ပြတ်ပယ်သတ်လျှက်ဖြစ်ကြသည်။

(မဂ်ခဏ၌ လောကုတ္တရာသရဏဂုံပြည့်စုံ၏)



Generated by CamScanner from intsig.com

၂။ လောကီသရဏဂုံဟူသည် = ပုထုဇဉ်သန္တာန်၌ဖြစ်သည်။

(က) ဉာဏသမ္ပယုတ် သရဏဂုံ - လူကြီးသန္တာန်၌ဖြစ် - သော ဒိဋ္ဌိဇုကမ္မ,သဒ္ဓါ,ပညာ - ကိုကောက်ယူရ၏။

(ခ) ဉာဏဝိပ္ပယုတ် သရဏဂုံ - ကလေးသန္တာန်၌ဖြစ် - သော သဒ္ဓါကိုကောက်ရ၏။

"တနည်း - သရဏဂုံ(၄)မျိုး"

၁။ အတ္တသန္နိယျာတန သရဏဂုံ - မိမိကိုယ်ကို ရတနာသုံးပါး အားအပ်နှင်းသောအခြင်းအရာအားဖြင့်ဖြစ်သော သရဏဂုံ။

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ,ဓမ္မဿ, သံဃဿ နိယျာတေမိ။

၂။ တပ္ပရာယန သရဏဂုံ - ရတနာသုံးပါး၌ လဲလျောင်း - ညွတ်ကိုင်းရှိုင်းသောအခြင်းအရာအားဖြင့်ဖြစ်သော သရဏဂုံတည်း။

ဥပမာ - အာဠာဝကဘီလူး ဆောက်တည်သောသရဏဂုံကဲ့သို့တည်း။

ဆောက်တည်ပုံ - အဇ္ဇာဒိံကတွာ အဟံ ဗုဒ္ဓပရာယနော, ဓမ္မပရာယနော,သံဃပရာယနောတိ မံ ဓာရေထ။

၃။ သိဿဘာဝူပ သရဏဂုံ - တပည့်အဖြစ်သို့ ကပ်ရောက် - သောအားဖြင့်ဖြစ်သော သရဏဂုံတည်း။





ဥပမာ - မဟာကဿပမထေရ်ဆောက်တည်သောသရဏဂုံကဲ့သို့တည်း။

ဆောက်တည်ပုံ - အဇ္ဇာဒိံကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော,ဓမ္မဿ အန္တေဝါသိကော,သံဃဿအန္တေဝါသိကော မံ ဓာရေထ။

၄။ ပဏိပါတ သရဏဂုံ - ရတနာသုံးပါး၌ အလွန်အမင်းအရိုအသေပြုသော အခြင်းအရာအားဖြင့်ဖြစ်သော သရဏဂုံ။

ဥပမာ - ဗြဟ္မာယုပုဏ္ဏားဆောက်တည်သော သရဏဂုံကဲ့သို့တည်း။

ဆောက်တည်ပုံ - အဇ္ဇာဒိံကတွာ အဟံ အဘိဝါဒန ပစ္စုပဋ္ဌာန အဉ္ဇလီကမ္မ,သာမိစိကမ္မ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ မံ ဓာရေထ။

ဆောင် = ကိုယ်ကိုဆောင်လျှင်း၊လဲလျောင်းခြင်းနှင့်၊ ဝပ်စင်းရိုကျိုး၊ရှိခိုးတုံဖြား၊တပည့်သားဖြစ်၊စင်စစ်သရဏဂုံ၊ ဤလေးစုံကို၊ယုံလေအမြဲ၊သက်လုံးစွဲ။

(သုံးပုံတန်ချူကျမ်း)



Generated by CamScanner from intsig.com

"အပါဒါန်ကျမ်းလာ လောကီသရဏဂုံအကျိုး(၈)ပါး"

ဆောင် - ဒေသပူဇာ၊ပညာတတ်ပြား၊နတ်များစောင့်
လာ၊ဥစ္စာပေါကြွယ်၊နုနယ်လှပ၊လူကချစ်ခင်၊မိတ်လျှင်မြဲတုံ၊
ဂုဏ်သတင်းတက်၊ကျော်ရှစ်ချက်၊မပျက် သရဏဂုံအကျိုးတည်း။

လောကုတ္တရာ သရဏဂုံ၏အကျိုးကား - ဖိုလ်လေးပါးဖြစ်၏။
လောကုတ္တရာသရဏဂုံကား ညစ်နွမ်းခြင်းလည်းမရှိ၊ပျက် -
လည်းမပျက်ပါ။
လောကီသရဏဂုံကား - ညစ်နွမ်း၏၊ ပျက်လည်းပျက်၏။
လောကီသရဏဂုံကား အသက်သေသောအခါ ပျက်စီး၏၊
အပြစ်မရှိ၊အယူပြောင်းသွားလျှင် - ပျက်စီး၏ အပြစ်ရှိ၏။

"ငါးပါးသီလ"

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
ဆောင် - သူ့အသက်လဲ၊မသတ်ပဲ၊အမြဲရှောင်ကြဉ်မည်။
အပြစ်/အကျိုး - သူ့သက်သတ်ဖြတ်၊သတ်တိုလတ်၊
မသတ် အသက်ရှည်။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
ဆောင် - သူ့ဥစ္စာလဲ၊မခိုးပဲ၊အမြဲရှောင်ကြဉ်မည်။
အပြစ်/အကျိုး - ခိုးသူငမွဲ၊မခိုးဘဲ၊အမြဲချမ်းသာမည်။





၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
ဆောင် - သူ့အိမ်ရာလဲ၊မမှားဘဲ၊အမြဲရှောင်ကြဉ်မည်။
အပြစ်/အကျိုး - သူ့သားသမီးဖျက်ဆီးနှုတ်ဲ၊ဖြစ်မြဲနပုံး၊
လူဖြစ်ရုံး၍အဆုံးရှောင်ရန်၊အကျိုးပြန်၊ဇကန်ရနိုင်သည်။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
ဆောင် - မမှန်စကားလဲ၊မပြောကြားပဲ၊အမြဲရှောင် -
ကြဉ်မည်။
အပြစ်/အကျိုး - လိမ်ပြောသူများ၊စကားမအောင်၊
ပုပ်ဟောင်ပါးစပ်၊မွေးလတ်သွီး၊ရုက်ဖွယ်ကြီးမို့၊အမြဲ
ရှောင်ရန်၊အကျိုးပြန်၊ဇကန်ရနိုင်သည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ
သမာဒိယာမိ။
ဆောင် - သေရည်အရက်လဲ၊မသောက်ပဲ၊အမြဲရှောင်
ကြဉ်မည်။
အပြစ်/အကျိုး - သောက်စားမူးရစ်၊အရူးဖြစ်ပြန်၊သိ -
ညာဏ်ထိုင်းမှိုင်း၊လူတိုင်းစက်ဆုပ်၊အယုတ်ရှောင်ရန်၊
အကျိုးပြန်၊ဇကန်ရနိုင်သည်။

ငါးပါးသီလ၊လုံခြုံက၊မှုချအပါယ်　လွတ်နိုင်သည်။
ငါးပါးသီလ၊မလုံက၊မုချအပါယ်　လားနိုင်သည်။

'သီလရှိခြင်းအကျိုး(၅)ပါး'

ဆောင် - စည်းစိမ်ရလျှင်း၊သတင်းကောင်းပျံ့၊
မရွံ့ပရိသာ၊သေခါမတွေ၊သေ နတ်ရွာလား၊
ကျိုးငါးပါး၊မှတ်သား သီလဝန္တ။

'သီလမရှိသူ၏အပြစ်ငါးပါး'

ဆောင် - စည်းစိမ်ပျက်လျှင်း၊သတင်းဆိုးနံ့၊
ကြောက်ရွံ့ပရိသာ၊သေခါတွေဝေ၊သေငရဲလား၊
ပြစ်ငါးပါး၊မှတ်သားဒုသီလ။

'ငါးပါးသီလ၏ ဝိသေသအမည်များ'

၁။ လူမှန်လျှင်လိုက်နာကျင့်သုံးရမည့်ဓမ္မတာတရားဖြစ်သော
ကြောင့်-ဓမ္မတာသီလ။

၂။ သူတော်ကောင်းတို့အလေးဂရုထား၍ကျင့်သုံးအပ်သော
ကြောင့်-ဂရုဓမ္မသီလ။

၃။ စကြာဝတေးမင်းတို့မွေသတ်သဖွယ်အုပ်ချုပ်ကျင့်သုံး-
သောကြောင့်-စက္ကဝတ္တိဓမ္မသတ်။

၄။ ကုရုတိုင်းနေသူတို့ကျင့်သုံးသောသီလဖြစ်၍-ကုရုဓမ္မသီလ။

၅။ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့်-ဂဟဋ္ဌသီလ။





၆။ အရေအတွက် ငါးပါးရှိသောကြောင့် - ပဉ္စသီလငါးပါး။

၇။ လူတို့အမြဲနိစ္စစောင့်သုံးအပ်သောကြောင့် - နိစ္စသီလ။

၈။ မြတ်စွာဘုရားကိုယ်တိုင် တားမြစ်အပ်သောသီလဖြစ် -
သောကြောင့် - ဝါရိတ္တသီလ။

၉။ အရိယာပုဂ္ဂိုလ်တို့နှစ်သက်မြတ်နိုးအပ်သောကြောင့် -
အရိယာကန္တသီလ။

၁၀။ ကျင့်သုံးအပ်,ကျင့်သုံးသင့်,ကျင့်သုံးဝိုက်သောကြောင့် -
သိက္ခာပဒသီလ။

ဆောင် - ဓမ္မတာခာမ်၊ဂရုခာမ်နှင့်၊ဓမ္မသတ်ချက်ချာ၊
စကြာစိုးပြု၊ကုရုဓမ္မ၊ဂဟဋ္ဌနှင့်၊ငါးဝပဉ္စသီ၊ဂုဏ်ရည်နိစ္စ၊ဝါရိတ္တ
နှင့်၊အရိယကန်၊ငါးတန်မယုတ်၊သိက္ခာပုဒ်၊သမုတ်ဤဆယ်မည်၊

ငါးပါးသီလနှင့် မြောက်ကျွန်းနေလူများ အကျယ်မှုသွယ်

ဥတ္တရကုရုခေါ်သော မြောက်ကျွန်း၌နေထိုင်ကြသည့်လူ
တို့သည် အမြဲနိစ္စငါးပါးသီလကို လုံခြုံကြသည်၊ယင်းငါးပါးသီ
လ လုံခြုံသူတို့၏ဓမ္မတာသိဒ္ဓိကြောင့် အောက်ပါဝိသေသ
အကျိုးထူးများကို ခံစားကြရသည်။



Generated by CamScanner from intsig.com

## (၁၁) ပဏ္ဍိတာရုံဆရာတော်

၁။ အိုးအိမ်,တိုက်တာ(နေစရာအတွက်)အထူးဆောက်လုပ်နေဖွယ်မလို သစ်ပင်များကနေထိုင်မှုကိုစွပြီးစေသည်။

၂။ မြောက်ကျွန်းနေလူတို့မှာ ရှည်ခြင်း/ပုခြင်းစသော အပြစ်မျိုးကင်းသည်၊လုံးရပ်သဏ္ဍာန်နှင့်ပြည့်စုံ၍ ကိုယ်လုံးကိုယ်ဖန်အရပ် အမောင်းတူညီကြသည်။

၃။ ဇရာရောဂါ အနှိပ်အစက်မခံရ၍ ဆံဖြူခြင်း,သွားကျိုးခြင်း,အရေတွန့်ခြင်း,အင်အားကုန်ခမ်းခြင်းမရှိ။

၄။ အသက်မွေးဝမ်းကြောင်းအတွက် အာဟာရေပရိယေသနဒုက္ခကင်း၏။

၅။ မှက်,ခြင်,ယင်,ကြမ်းပိုးစသော သတ္တဝါကိုက်ခဲမှုမခံရ။

၆။ စားသောက်မှုအတွက် ဝယ်ရ,သွားရ,ချက်ရသောဒုက္ခမျိုးကင်းသည်၊အခွံမပါ ဖွဲမပါသော သလေးဆန်ကို အာဟာရအဖြစ်သုံးဆောင်ရသည်၊ပကတိထင်းမီးဖြင့်ချက်မနေရဇောတိကမည်သောရတနာကျောက်တုံးပေါ်တင်လိုက်-လျှင်ချက်ပြီးဖြစ်၏၊ဟင်းနှင့် ဟင်းလျာအတွက် သီးခြားစီမံနေစရာမလို၊စားလိုသူက အချဉ်တမ်းတလျှင် အချဉ်အရသာပေါ်လာ၏၊အချိုတမ်းတလျှင် အချိုပေါ်လာ၏။



## (၁၉) အခွင့်

၇။ အထက်ဖော်ပြပါအာဟာရကို မှီဝဲသောကြောင့် နှုနာ,ပွေး,ညှင်း,တင်းတိပ်နာ,ချောင်းဆိုးပန်းနာ,မြစ်ချောက်နာ,အရှူးရောဂါနှင့် အိုနာများကင်းသည်။

၈။ မြောက်ကျွန်းနေလူတို့အချင်းချင်းမနာလိုဝန်တိုစိတ်ကင်းကြသည်။

၉။ ရာသီဥတုမျှတသည်၊အပူလွန်ကဲမှု,အအေးလွန်ကဲမှုရာသီဒဏ်မခံရ။

၁၀။ မြောက်ကျွန်း၌ တန်ခိုးကြီးသောဘုရား,ပစ္စေကဗုဒ္ဓါ-တို့ဆွမ်းခံကြွမြဲမပွတာဖြစ်၍ထူးသည်။

၁၁။ မြောက်ကျွန်း၌ ကုန်းသူ,ကွသူ,ကောက်သူ,ကွေးသူ,ခွင်သူ,လေငန်းဆွဲသူ,အင်္ဂါချို့တဲ့သူ,ကုန္ဒြေချို့တဲ့သူမရှိ။

၁၂။ အမျိုးသမီးများ ခြောက်ပြစ်ကင်း၍ အရုပ်ဆိုးသူမရှိ၊၁၆ နှစ်-အရွယ်ထင်မှတ်ရသည်၊အမျိုးသားများ (၂၅)နှစ်အရွယ်-မှာတည်သည်။

၁၃။ သားငယ်,သမီးငယ်များကမိဘတို့ကိုနားပူ/နာဆားမလုပ်-ကြ ဟွယ်ကပ်မနေ။



Generated by CamScanner from intsig.com

Generated by CamScanner from intsig.com

## (၂၁) ဒုဋ္ဌိကာရုံဆရာတော်

၁၄။ မြောက်ကျွန်းနေလူတို့ ကာမဂုဏ်ကိစ္စတစ်သက်လုံးမှာ - (၇)ရက်သာခံစားကြသည်။

၁၅။ ကိုယ်ဝန်တည်ရှိခြင်းဒုက္ခ.လွယ်ရခြင်းဒုက္ခ.ဖွားမြင်ရခြင်း ဒုက္ခ - မှကင်းကြသည်။

၁၆။ မိဘတို့က ရင်သွေးငယ်အတွက်ကြောင်းကြစိုက်နေဖွယ် မလို၊ကလေးများဆော့ကစားရာ အိပ်ပျော်ရာမှာထား၍ - လိုရာသွားနိုင်သည်၊တွေ့သူက အစာကျွေး.နို့တိုက်သည် ကလေးများ ကံကြောင့်လက်ညှိုးမှနို့ထွက်သည်။

၁၇။ အဝတ်အတွက်ငွေစရာမလို၊ပဒေသာပင်မှရသည်။

၁၈။ ရေချိုးသည့်အခါ စုပေါင်းရေချိုးကြသည်၊အဝတ်ကိုစုပုံ - ထားသည်၊ပထမရေချိုးပြီးသူက အပေါ်ဆုံးမှအဝတ်ကို - ယူဝတ်သည်၊ငါ့ဟာ.သူ့ဟာငြင်းခုံမှုမရှိ။

၁၉။ သေသူအတွက် ကျန်ရစ်သူများပူဆွေးသောကမဖြစ်

မငိုကြွေးကြ။

၂၀။ အပုပ်နံ့မရှိ၊သုသာန်သင်းချိုင်းထားစရာမလို၊သေသူ၏ ရုပ်ကလာပ်ကို အဝတ်ဖြင့်ထုပ်ပတ်၍ချထားရသည်၊ကု - သိုလ်ကံအဟုန်ကြောင့်ဖြစ်ပေါ်လာသော ငှက်ကြီးများက တစ်ခြားကျွန်းသို့ပို့ဆောင်သွားကြသည်။



## (၂၁) အခွင့်

၂၁။ သေပြီးနောက် နတ်ပြည်ရောက်ကြသည်၊ငရဲ.တိရစ္ဆာန်. ပြိတ္တာ - မဖြစ်ကြ။

၂၂။ အနှစ်တစ်ထောင်သက်တမ်းမြဲသည်။

[သာရတ္ထဒီပနီဋီကာ–(ပ) ၂၅၃]

### 'သိအောင်လုပ်ပါ'

◈ ရုပ်.ဝေ.သညာ်.သင်၊ငါးဝိညာဉ်၊ အလျှင်သိအောင်လုပ်ပါ၊
ဖြစ်.ပျက်နှစ်ဖြာ၊ ခန္ဓာမှာ၊ မှန်စွာသိအောင်လုပ်ပါ။
ဖောက်ပြန်သမျှ၊ ရုပ်ဟူစွ၊ သိကနာမ်ခေါ်ရာ။
ပေါ်ရာ.ပေါ်ရာ၊ ရှုမှတ်ပါ၊ အဲ့ဒါဝိပဿနာ။
ပေါ်သိ.ပေါ်သိ၊ နိဗ္ဗာန်ထိ။

### "ပါလေးလုံး"

◈ အနန္တငါးဖြာ၊ ဦးထိပ်မှာ၊ မြဲစွာပန်ဆင်ပါ။
လူ့ပြည်.လူ့ရွာ၊ ခဏလာ၊ သေမှာမလွဲပါ။
မသေခင်မှာ၊ တရားရှာ၊ သိဉာဏ်ဦးလိုက်ပါ။
အပြစ်သင့်ခြား၊အကျင့်မှား၊ ရှောင်ရှားပြစ်လိုက်ပါ။

### 'ချာလေးလုံး'

◈ ဉာဏ်သတိမွဲ၊ လူဆင်းရဲ၊ ဟုတ်ပဲနဲ့ချာချာ။
ဒါန.သီလ၊ မပြုက၊ ဘဝနဲ့ချာချာ။
ဘာဝနာဝယ်၊ မပွါးကွယ်၊ အားငယ်နဲ့ချာချာ။
ခန်.အာ.ဓာတ်.သစ်၊ မသိလစ်၊ လူဖြစ်နဲ့ချာချာ။

## (၂၂) ပဏ္ဍိတာရုံဆရာတော်

'သာငယ်းပုံး'

- ဒါနပြုဘွယ်၊သဒ္ဓါကြွယ်၊လှူဝယ်ရှေ့ဆုံးသာ။
  စင်ကြယ်သီလ၊မြဲမြံက၊ဘဝရှေ့ဆုံးသာ။
  သမာ့ပညာ၊လင်းရောင်ဖြာ၊ကမ္ဘာရှေ့ဆုံးသာ။
  ရာ့ဒေါ့မောကွာ၊ချုပ်ပြတ်ရာ၊ငြိမ်းရာရှေ့ဆုံးသာ။

(ပဏ္ဍိတာရုံဆရာတော်)

'ရှုငယ်းပုံး'

- သီလမကပ်၊စာမတတ်၊မမြတ်ကဲ့ရဲ့ရာ။
  စာပေမတတ်၊သီလကပ်၊အမြတ်ချီးမွမ်းရာ။
  သီလမကပ်၊စာသာတတ်၊မမြတ်ကဲ့ရဲ့ရာ။
  သီလလည်းကပ်၊စာလည်းတတ်၊လွန်မြတ်ချီးမွမ်းရာ။

(ခင်မောင်မိုး – တောင်ကြီး)

'ရုပ်ရှင်သြဝါဒ(၂)မျိုး'

- တရား့ဥစ္စာ၊စုစရာ၊လူမှာနှစ်မျိုးရှိ။
  ပစ္စည်းစုမှု၊ဘုံပိုင်ဟူ၊ရန်သူဝိုင်း၍ ပူရ၏။
  ရှာလိုက့်ရလိုက့်ကုန်သွားလိုက်၊မောဟိုက်မဆုံး ရှိချေ၏။
  တရားစုမှု၊ကိုယ်ပိုင်ရ၊မှုချ ချမ်းသာ၏။
  အမောလဲပြေ၊စိတ်အေးစေ၊အနေရှင်း၍ ရင့်ကျက်၏။

(ယောဆရာတော်)



## (၂၃) အခွင့်

'ကြည်ညိုစရာ မြတ်ထံဃာ'

- ရာဂကင်းကွာ၊မြတ်သံဃာ၊မှန်စွာကြည်ညိုပါ။
- ဒေါသကင်းကွာ၊မြတ်သံဃာ၊မှန်စွာကြည်ညိုပါ။
- မောဟကင်းကွာ၊မြတ်သံဃာ၊မှန်စွာကြည်ညိုပါ။
- ရာဂကုန်ကြောင်း၊ကျင့်တုံရှောင်း၊အပေါင်းသံဃာ၊ ကြည်ညိုပါ။
- ဒေါသကုန်ကြောင်း၊ကျင့်တုံရှောင်း၊အပေါင်းသံဃာ၊ ကြည်ညိုပါ။
- မောဟကုန်ကြောင်း၊ကျင့်တုံရှောင်း၊အပေါင်းသံဃာ၊ ကြည်ညိုပါ။

"အဝါယ်မကြောက်(၇)ယောက်"

တိသရဏ၊ငါးသီလ၊မဲချစာရေးတံ၊
ဆယ့်ငါးရက်ဆွမ်း၊ဝါသင်္ကန်း၊လှူဒါန်းသောက်ရေကန်၊
ကျောင်းလှူတဝ၊နိဗ္ဗာပုညရှိသူမှန်၊
သောတာလိုဘဲ၊ဂတိမြဲ၊သူလည်းပါယ်မပြန်။



Generated by CamScanner from intsig.com

## (၂၄) ပဏ္ဍိတာရုံဆရာတော်

**'ကျောင်းလှူရကျိုး(၇)ပါး လင်္ကာ'**

သုံးတန်စေတနာ၊ညီညွတ်စွာဖြင့်၊မဟာသာသနိက၊
ဝိဟာရကျောင်း၊တန်ဆောင်းအလှူ၊ဆောက်လုပ်သူတို့၊
ကြီးထူးကဲဝှန်၊ကျိုးရဟန်ကို၊ကျမ်းဂန်ထောက်ချင့်၊
နိဒါန်းဖွင့်သော် –

၁။ နတ်နှင့်လူဝယ်၊သန္ဓေတွယ်၍။

၂။ လိုဖွယ်မတာ၊ဆောက်အုံရ၏။

၃။ မထကြွက်သီး၊ကိုယ်လည်းမလှုပ်၊
ကြောက်ရုပ်မထင်၊ထိပ်လန့်စင်၏။

၄။ ခြင်္သေ့သစ်၊ကျားသားရဲများနှင့်၊ဖမ်းစားကလူနှိပ်စက်မှုသား၊
တောသူဘုတ်ပြိတ်၊အဆိပ်ထန်ပြင်း၊မြွေနှင့်ကင်းက၊
အဆင်းဖောက်ပြန်၊ကန္တာရက်ချွသ်၊နတ်မိုက်ရန်ပေါင်း၊
ဘေးလွတ်ရှောင်း၏။

၅။ မကောင်းအိပ်မက်၊မမြင်မက်ဘူး။

၆။ ထင်လျှက်သတိ၊ခိုင်မြဲဘိ၏၊ဝိပရိဏာ၊ဖောက်ပြန်စိတ်ရင်း၊
ရှုးသွတ်ခြင်းမှ၊ရှင်းရှင်းလွတ်ရှောင်း၊ကျိုးဆက်ကောင်း၏။

၇။ နောက်နှောင်းဘဝ၊ပဋိသမ္ဘဝယ်၊ဂုဏာကဲပို၊အရဟတ္တဖိုလ်ဟု၊
ထိုထိုကျေးဇူးလွန်ပြန့်ပြူးသည်၊ဆောက်ဦးလှူကိုးခုနှစ်တည်း။

[မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး]



## (၂၅) အရှင်

'ကျောင်းလှူရကျိုးလင်္ကာ'

◈ ဆောက်လုပ်လှူဒါန်း၊ကျောင်းသခ်ိန်းသည်၊
ပူချမ်းပျက်ပြား၊သားရဲတား၍၊ဆီးတားကင်းမြွေ၊
ခြင်မှတ်တွေတည်း၊မိုး,ရေ,လေပြင်း၊နေပူခြင်းနှင့်၊
ဆီးနှင်းတားပေ၊ကျောင်း၌နေသည့်၊မထေရ်သခင်၊
မြတ်ဘုန်းရှင်တို့၊ဈာန်ဝင်ဝိပဿနာ၊ရှုကာကိန်းအောင်း၊
ချမ်းသာကြောင်းတည်း။

◈ ထိုကျောင်းအလှူ၊မြတ်၏ဟူ၍၊ဘုန်းလူမိန့်မှာ၊
သိလိမ္မာသော၊ဒကာယောကျ်ား၊မိန်းမများသည်၊
သားနားတင့်ဆန်း၊ကျောင်းသခ်ိန်းကို၊ရှုခန်းထိန်ဝေ၊
ဆောက်လုပ်စေ၍၊စာပေတတ်မြောက်၊ကျင့်ခန်းပေါက်သည့်၊
မုံသောက်မာတင်၊ထေရ်အရှင်ကို၊ကျောင်းတင်ကိုးကွယ်၊
စားသောက်ဖွယ်နှင့်၊ဝတ်ဖွယ်ရုံဖွယ်၊ခင်းနှီးဘွယ်ကို၊
ဘယ်ဘယ်မလတ်၊အထပ်ထပ်လှူ၊ကောင်းမြတ်စေတနာ၊
လှူဒါန်းရာ၏။ (ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်)

"နတ်ရွာသားကြောင်း(၇)ပါး"

◈ အရမ်သစ်ပင်၊ရေအိုးစဉ်နှင့်၊ထို့ပြင်ရေတွင်း၊
ခင်းသည့်တံတား၊ကျောင်းကားတခု၊ခြောက်ခုဒါန၊
စိုက်ပျိုးရ၍၊ဒိဝါရတ္တိ၊အောင့်မေ့မိက၊နေ့ညမချား၊
ပွါးသည်သာဟု၊သုံးရွာလူ့ဘ၊ညွှန်ပြရွှေနှုတ်၊
ကျမ်းသံယုတ်မှာ၊မိန့်တော်ပါသည်၊သေခါမှားနတ်ရွာလား။



Generated by CamScanner from intsig.com

## (၂၆) ပဏ္ဍိတာရုံဆရာတော်

### "သိအောင်လုပ်ပါ"

အတ္တဆိုတာ-စိတ်ပါ စိတ်ကိုလည်းစေတသိက်ကချယ်လှယ်နေပါတယ်၊စိတ်+စေတသိက်ဆိုတဲ့ သိသဘောနာမ်တရားတို့ဟာလည်း မှီရာရုပ်နှင့်မကင်းနိုင်ကြပါဘူး။

ဒီတော့-စိတ်,စေတသိက်,ရုပ်တရားတို့နဲ့တည်ဆောက်ထားတဲ့ခန္ဓာကိုယ်ပဥ္စကခြပ်ကြီးကို အတ္တ(ကိုယ်)လို့ဆိုရပါတယ်၊

ဒ့ါကြောင့်-မိမိကိုယ်ကို ငါဘာလုပ်နေသလဲ?
ငါဘာဖြစ်နေသလဲ?
ငါအမှားလုပ်မိသလား?
အမှန်လုပ်မိသလား? လို့

စိစစ်သုံးသပ်ဘို့လိုအပ်ပါတယ်။

**မိမိကိုယ်ကိုစောင့်ရှောက်တယ်ဆိုတာ-**

ဒုစရိုက်တွေကိုလွန်ကျူးတတ်တဲ့ လောဘ,ဒေါသ,မောဟ-တို့ရဲ့ တိုက်တွန်းချက်ကြောင့်ဖြစ်ပေါ်လာတဲ့ ကိုယ်အမူအရာနှုတ်အမူအရာ,စိတ်အမူအရာတွေကို တိုးပွါးစေတတ်တဲ့ -အလောဘ,အဒေါသ,အမောဟ-တို့ရဲ့ တိုက်တွန်းချက်ကြောင့်ဖြစ်ပေါ်လာတဲ့ ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတွေကို တိုးပွါးအောင်ကြိုးစားခြင်းဘဲဖြစ်ပါတယ်။



## (၂၇) အခွင့်

**ချမ်းသာခြင်းဆိုတာ-**

ဒီလိုကြိုးစားရင်းနဲ့ အတ္တပေါ်မှာစွဲလမ်းမှုချုပ်ငြိမ်းရင် ချမ်းသာခြင်းကိုရရှိသွားပါပြီး။

မိမိကိုယ်ကို အတ္တဆို၊ကိုယ်ကိုဆုံးမ ချမ်းသာရ၊
ဒု,ကိုမြဲရှောင် သု,ကိုဆောင်၊လူ့ဘောင်ချမ်းသာရ၊
အတ္တပေါ်မှာ မတွယ်တာ၊မှန်စွာချမ်းသာရ။
(ပဏ္ဍိတာရုံဆရာတော်)

သုံးပါးသရဏဂုံ ကိုယ်လုံးခြုံ လုံးစုံဘေးကင်းသည်၊
ငါးပါးသီလ မြဲမြံက ဒုက္ခကင်းငြိမ်းသည်၊
သစ္စာသုံးချက် ပေါ်ဆီတက် ငြိမ်းလျှက်ကမ္ဘာသာယာမည်။
(ပဏ္ဍိတာရုံဆရာတော်)

ငါသည်မသေ နေရပေ၍ စိန္တေထွင့်ထား မြတ်ဘုရားနှင့်တရားသံဃာ ရတနာကို မကွာနေ့ည ဖူးတွေ့ရ
မြတ်လှပေစွ မြတ်ပေစွ။

ဒါနပေးလှူ စင်ဖြူသီလ ပွားထဘာဝနာ ဤသုံးဖြာကားငါ့ဟာအဟုတ် ငါ့အလုပ်ဟု မယုတ်စေရ ကြီးလုံးလဖြင့်ဓမ္မရှာဖွေ နေရပေသည် မသေကျိုးနပ်
မြတ်လှပေစွ မြတ်ပေစွ။
(မြစကြာ ဆရာတော်)



Generated by CamScanner from intsig.com

## (၂၈) ပျော်ဘွယ်ကုံဆရာတော်

"သရက်ကဝံ့ဆောက်တည်ရာကျိုး(၈)ပါး"

အရုပ်တိုင်းက ပုဇော်ကြ ဥာဏ်ကထက်မြက်သည်၊
နတ်အားလုံးက လိုလိုက်ကြ နေမောက်မြိုးသည်၊
ရွှေဆင်းတမျှ အလွန်လှ မြင်သမျှချစ်ကြသည်၊
မိတ်ဆွေမှန်သမျှ နိုင်မြဲလှ ယသ-လျှံတတ်သည်၊
ဘဝတိုင်းသာ ဤရှစ်ဖြာ မှန်စွာရခဲ့သည်။
တာဝတိံသာဝယ်၊ကြိမ်ရှစ်ဆယ်၊တင့်တယ်သိကြားဖြစ်ရသည်၊
ခုနစ်ဆယ့်ငါးကြိမ်၊ လူ့စည်းစိမ်၊ ထိန်လှစကြာ၊ဖြစ်ရသည်။

"သရက်ကဝံ့နှင့်(၅)ပါးသီလအကျိုး"

ငတိ့ပြိတ်ကာယ်၊ပါယ်လေးသွယ်၊တကယ်မကျသည်၊
အမျိုးကောင်းယောက်ျား၊ဇနီးများနှင့်၊သမီးသားတို့၊
သုံးပါးသရဏဂုံ၊ငါးစုံသီလ၊ဆောက်တည်ကြလျှင်၊
စုဥ္စသောတာ၊တုလှစွာကြောင့်၊ချမ်းသာကင်းပ၊
ပါယ်လေးဝသို့၊မကျရောက်ပဲ၊ဂတိမြဲသည်၊
မှတ်စွဲကျမ်းဝယ်..........မိန့်သတည်း။ ။

(ဝိသုဒ္ဓါရုံဆရာတော်)

ရိုးရိုးကုသိုလ်ကိုရိုးရိုးလူသားတို့ကတန်ဖိုးထားမြတ်နိုးကြ၏။
ပါရမီကုသိုလ်ကို မြင့်မြတ်သောလူသားတို့ကတန်ဖိုးထားကြ၏။
ပါရမီကုသိုလ်ဆိုတာ စွန့်လွှတ်ခြင်းဖြင့်ဖြည့်ဆည်းပူးခြင်းဖြစ်၏။



## (၂၉) အခွင့်

အသိအလိမ္မာသည် ထက်စွာသောဓားနှင့်တူ၏၊ကိုယ်-
ကျင့်တရားမပါသော အသိအလိမ္မာသည် လူသတ်သမား-
ကိုင်သော"ဓား"သဖွယ် လူ့လောကအတွက်ကြီးစွာသောအန္တ
ရာယ်ဖြစ်၏။

ကိုယ်ကျင့်တရားပါသော အသိအလိမ္မာသည်ဆရာဝန်
ကိုင်သော"ဓား"သဖွယ်လူ့လောကအတွက် ကြီးစွာသော
ကျေးဇူးကိုပြု၏။

(ဦးရွှေအောင်)

သူတော်မဟုတ် လူသူနှုပ် အယုတ်တမာ စော်ကားပါသော်၊
သူတော်နလုံး ကိုယ်ကသုံးလျှင် အရှုံးဘယ်မှာ ရှိချိမ့်နည်း၊

မလှူဒါန်းလို စေးနဲပို၍ ဝန်တိုမစ္ဆရိယ သူဗိုလ်ကျသော်
ဒါနမြတ်ဆုံး ကိုယ်ကသုံးလျှင် အရှုံးဘယ်မှာ ရှိချိမ့်နည်း၊

မမှန်စကား သူပြောကြား၍ အမှားတန်တန် သူပြင်းထန်သော်၊
အမှန်စကားလုံး ကိုယ်ကသုံးလျှင် အရှုံးဘယ်မှာ ရှိရှိမ့်နည်း။

စွန့်လွှတ်နိုင်တာက အလောဘ၊
ခွင့်လွှတ်နိုင်တာက အဒေါသ/မေတ္တာ၊
သုံးသပ်ဆုံးဖြတ်နိုင်တာက အမောဟ/ပညာ။



Generated by CamScanner from intsig.com

◈ သူတဖက်သား မျက်မာန်ပွါးသော် တရားမကွာ
စောင့်ထိန်းကာဖြင့် မေတ္တာနှလုံး ကိုယ်ကသုံးလျှင်
အရှုံးဘယ်မှာ ရှိချိမ့်နည်း။

(မမ္မုပဒေသ)

◈ သူကြီးပွါးတာ ရှုတ်ချတာ ဣဿာဟူ၍မှတ်၊
သူကြီးပွါးတာ ငြူစူတာ ဣဿာဟူ၍မှတ်၊
ကိုယ့်ဥစ္စာများ လျှို့ဝှက်ထား မှတ်သားမစ္ဆရိယ။

'မစ္ဆရိယ(၅)မျိုး'

အာဝါ လာဘ၊ကုဝဏ္ဏနှင့် ဓမ္မ မစ္ဆရိယငါးမျိုးရှိမှတ်ဘိဝန်တိုခြင်း။

◈ ဆွေမျိုးပေါင်းသင်း နေထိုင်ခင်းနှင့် ရခြင်းလာဘ်တွေ
ကိုယ်ရေအဆင်း ကျော်စောခြင်းနှင့် သိခြင်းဓမ္မာ
ဤငါးဖြာကို ငါသာရစေ များတွေသူငါ မပိုင်ရာဟု
ငါ့ငါပြုသည် မှတ်ရှုမစ္ဆေ သဘောတည်း။

'ဆွေမျိုးတို့ကို ကူညီတာ မင်္ဂလာ'

◈ ဆွေမျိုးတို့အား ထောက်ပံ့ငြား မှတ်သားမင်္ဂလာ။
ပေးကမ်းလေဘိ ဝေဌ၏ ဉာတိသင်္ဂဟာ။
ချစ်ဖွယ်ဆိုဘိ ချိုသာ၏ ဉာတိသင်္ဂဟာ။
အကျိုးဆောင်ဘိ ကူညီ၏ ဉာတိသင်္ဂဟာ။
ကိုယ်တူထားဘိ စာနာ၏ ဉာတိသင်္ဂဟာ။

(ပဏ္ဍိတာရုံဆရာတော်)





ပါရမီဆယ်တွေ မေတ္တာဝေ ပြုလေဒါနပါ။
ကိုယ့်သွေး,ကိုယ့်သား ပမာထား များပြားသတ္တဝါ။
ကမ္ဘာဘွေ့ခွင် မြေအပြင် လူရှင်များလှစွာ။
တစ်အိမ်တည်းဖွား သွေးချင်းများသနားကရုဏာပိုလိုက်ပါ။
ကရုဏာဝင် ကူညီလျှင် ကျင့်စဉ်ဉာတတ္ထာ။

(ပဏ္ဍိတာရုံဆရာတော်)

**'ဘဝနာရီ'**

ဘဝဒိုင်ခွက်
ရာသီလက်တံ
သွက်လက်လျှပ်ရှား
လူးလွန့်သွားရင်း
သက်ကားငါးဆယ် ကျော်ခဲ့ပြီ၊
ခရီးသွားပျော်
ငါ့ဆွေဖော်တို့
မခေါ်ဘဲလာ
မနှင်ပါဘဲ
ပြန်၍ခွဲသည်
ငါလဲဤနည်းနှင် နှင်တည်း။

(၅၇)နှစ်မြောက် မွေးနေ့အမှတ်တရ– (ပဏ္ဍိတာရုံ ဆရာတော်)



Generated by CamScanner from intsig.com

## (၃၂) ပဏ္ဍိတာရုံဆရာတော်

'မရှုံးစေနှင့်'

ဘာရဲ့နေတာက

နေ့ထက်ဝက်မှာ

ကိုယ့်တွက်ဘာများ

လုပ်ပြီးထားလဲ

ဖွန်းတိန်းနေဝင်

သေစောင့်ပြေ

ရှေ့ရင်နွှဲအားလွှဲ

ဖျက်ရသည်ကျွသော်

ဘဝနောက်ဆုံး

ငါ့ဘာရှုံးသည်

မသုံးသုံးသရာ ရှည်လိမ့်မည်။

(၁၈)နှစ်မြောက် မွေးနေ့အမှတ်တရ (ပဏ္ဍိတာရုံ ဆရာတော်)



## (၃၃) အခွင့်

'သံဝေဂ လွန်လွန်းလှ'

ငေါသာမြွေ့က် ဏာသက်ပါပြုံ
သုံငေပျုံချ် မင်းနူးဏ
ငေါလျှက်ပြုသ် သရက်နှမ်ငင
သုံငေဝဝင်ချ် နှန်းမှငင်ငေ နှက
ငေါလျှက်ပြုသ်၊ ပဏ္ဏိယ်ပါလ
စသည့်မင်းမျှား သုံငေပွါ်းချ်
မျှားပြုားစွာလျှ ငေါလျှက်ပြုသ်။
ငါကရုပ်ာန်း မည်လျှင်သန်းလျှက်
မြို့ငတန်းငေါငျှ မဝင်ငေလသါ
သုံငေတာင်းငျှာ် ငေါင်းသင်းငေါ်ရှူ
ညှ်ပိုပ်မြူဝယ် ဏခုံမင်မင်
ဏငင်ငင်ရှွိ ဏလျှာသါငော်
လွှင့်သါလွှန်လွှန်းငါ် လျှန့်သါလျှန်လွှန်းငါ်။

(၁၉)နှစ်မြောက်မွေးနေ့အမှတ်တရ [ပဏ္ဍိတာရုံဆရာတော်]



Generated by CamScanner from intsig.com

(၁၄) ပဏ္ဍိတာရုံဆရာတော်

## 'လာခြင်းကောင်းအောင်'

မွေးနေ့,မွေးနေ့ တရွေ့ရွေ့နှင့်
နေ့ကုန်လပြောင်း လပေါင်းများကာ
နှစ်ဖြစ်လာရင်း ခြောက်ဆယ်ချဉ်းခဲ့
အိုမင်းဇရာ အနှာနှိပ်စက်
ဂြိုဒဏ်ချက်ကြောင့် ပြိုပျက်ရုပ်ဝါ
ခမ်းခြောက်လာပြီ၊ ဘယ်မှာမသေရှိမည်နည်း။
ရုပ်/နာမ်အိုသေ မလွဲပေလည်း
မသေတရား ဖွေရှာထားရင်း
အများကောင်းကျိုး ကိုယ့်ကောင်းကျိုးကို
သည်ပိုးဆောင်မှ လူ့ဘဝ၊
မှချလာခြင်းကောင်းမည်တည်း။

**နှစ်(၆၀)ပြည့်မွေးနေ့အမှတ်တရ** (ပဏ္ဍိတာရုံဆရာတော်)



(၁၅) အခွင့်

## ဆုတောင်း

ဤစာပြုရ၊ ကုသလကြောင့်၊
ဘဝများစွာ၊ သံသရာဝယ်၊
ပယ်ရှားကင်းဝေး၊ ဗာလဘေးစင်၊
မနေးလျှင်စွာ၊ မြတ်ပညာနှင့်၊
ဆရာသူတော်၊ ပေါင်းသင်းဖော်လို့၊
အလျော်ဓမ္မ၊ ပွားကျင့်ရပြီး၊
ဘဝခန္ဓာ၊ မတွယ်တာဘဲ၊
များစွာဒုက္ခ၊ အေးငြိမ်းရသည့်၊
အမတ-ခေါ်၊ ရွှေပြည်တော်သို့၊
ရှင်ပျော်မုချ၊ ရောက်စေသော်၊
ရှင်တော်ဗုဒ္ဓ၊ မြေက်စေသော်၊
ဉာဏ်မျှော်ဒုက္ခ၊ ပျောက်စေသော်၊

ဦးဇနသာရ



Generated by CamScanner from intsig.com